Summa Health
Summa Rehab Hospital
29 North Adams Street
Akron, Ohio 44304

# ဆေးရုံတက်ရောက်ကုသမှု ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း မူဝါဒ

## ရည်ရွယ်ချက်-

ဤမူဝါဒသည် Summa Rehab Hospital ၏ လူနာအား ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ ဤမူဝါဒသည် ဆေးရုံ၊ ဗဟိုငွေကောက်ခံရေးရုံး (CBO) နှင့် ဆေးရုံက ခန့်အပ်ထားသည့် ငွေကောက်ခံရေး အေဂျင်စီမှန်သမျှအပေါ် သက်ရောက်ရမည်။

## အခြေခံမူများ-

Summa Rehab Hospital သည် ကျွန်ုပ်တို့လူမှုအသိုင်းအဝိုင်းအတွင်း နေထိုင်သူများ၏ ပြည်လည်ထူထောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တည်ရှိပါသည်။ ကောင်းစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် ယုံကြည်မှုနှင့် ကရုဏာဖြင့် တည်ဆောက်ထားသည့် အသိုင်းအဝိုင်းနှင့် ရင်းနှီးသောဆက်ဆံရေးကို လိုအပ်သည်။ အောက်ပါအခြေခံမူများသည် ထိုဆက်ဆံရေးကို ခိုင်မာစေရန်နှင့် အရည်အသွေးမီ ကုသစောင့်ရှောက်မှု ပံ့ပိုးပေးရေးဟူသော ကျွန်ုပ်တို့၏ ကတိကဝတ်ကို လူနာများယုံကြည်စိတ်ချစေရန် ရည်ရွယ်သည်။

### ထိရောက်စွာ ဆက်သွယ်ပြောဆိုရန်-

- ဆေးရုံသည် လူနာအားလုံးအပေါ် ကရုဏာထားကာ ဂုဏ်သိက္ခာရှိရှိ တလေးတစားနှင့် တန်းတူညီမျှ ဆက်ဆံသည့်ပုံစံဖြင့် ငွေကြေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ရရှိနိုင်သော ငွေကြေးအကူအညီ ရွေးချယ်စရာများကို ဆက်သွယ်ပြောဆိုရန် ကတိပြုပါသည်။
- ဆေးရုံသည် လူနာများအား ၎င်းတို့၏ ဆေးရုံငွေတောင်းခံလွှာနှင့်ပတ်သက်၍ ငွေကြေးအကြံဉာဏ် ပံ့ပိုးပေးမည်ဖြစ်ပြီး ကျသင့်ငွေတောင်းခံခြင်းဆိုင်ရာ မေးခွန်းများနှင့် ငွေကြေးအကူအညီ တောင်းဆိုချက်များကို မဆိုင်းမတွ တုံ့ပြန်ပါမည်။
- ဝန်ဆောင်မှုများအတွက် အဖိုးအခတောင်းသည့်ပမာဏနှင့်ပတ်သက်၍ တိကျသော အချက်အလက်များကို တောင်းဆိုလာသည့်အခါ ဆေးရုံအနေဖြင့် ထိုအချက်အလက်များကို အနက်အဓိပ္ပာယ်ပြည့်ဝသောပုံစံဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးပါမည်။
- ဆေးရုံသည် ဆေးရုံဝက်ဘ်ဆိုက်တွင် ငွေကြေးအကူအညီ မူဝါဒနှင့် ငွေကြေးအကူအညီ လျှောက်လွှာကို တင်ပေးထားပါမည်။ ဆေးရုံတွင် တောင်းဆိုလျှင်လည်း ၎င်းတို့ကို ရရှိနိုင်ပါမည်။

Summa Health

Summa Rehab Hospital

29 North Adams Street

Akron, Ohio 44304

## လူနာများ အာမခံဝန်ဆောင်မှု ရရှိစေရေးအတွက် ကူညီပေးရန်-

- ငွေကြေးဆိုင်ရာ အကြံပေးခြင်း လုပ်ငန်းစဉ်မှတစ်ဆင့် ဆေးရုံသည် ဖြစ်နိုင်ခြေရှိသော အာမခံဝန်ဆောင်မှု ရင်းမြစ်များကို ခွဲခြားဖော်ထုတ်ရာတွင်နှင့် အစိုးရထောက်ပံ့မှု အစီအစဉ်များ သို့မဟုတ် ဆေးရုံအခြေပြု ထောက်ပံ့မှုအစီအစဉ်များအတွက် သတ်မှတ်ချက်ပြည့်မီခြင်းရှိ၊ မရှိ ဆုံးဖြတ်ရာတွင် လူနာများအား ကူညီရန် ကြိုးစားပါမည်။ ဆေးရုံသည် အာမခံဝန်ဆောင်မှုအတွက် လျှောက်ထားရာတွင် လူနာများအား ကူညီပါမည် သို့မဟုတ် လူနာများအား ၎င်းတို့စာရင်းသွင်းရယူနိုင်သည့် အခြားဝန်ဆောင်မှုများသို့ လမ်းညွှန်ပေးပါမည်။
- ဆေးရုံသည် ဆေးရုံအခြေပြု ပရဟိတ စောင့်ရှောက်မှု အလေ့အကျင့်များနှင့် အခြားသိထားသော ငွေကြေးအကူအညီဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ အချက်အလက်များကို အများပြည်သူ သိရှိအောင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဤအချက်အလက်များကို နားလည်လွယ်သည့်နည်းလမ်းဖြင့် လူနာများအား ဆက်သွယ်ပြောဆိုပါမည်။
- ဆေးရုံသည် ဤအလေ့အကျင့်များကို သင့်လျော်သော အသိုင်းအဝိုင်း ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှု အေဂျင်စီများနှင့် ချို့တဲ့နေသူများကို ကူညီပေးသည့် အခြားအဖွဲ့အစည်းများနှင့် မျှဝေပါမည်။

## နည်းလမ်းအကန့်အသတ်ရှိသော လူနာများအတွက် ကုသစောင့်ရှောက်မှု ပိုမိုစရိတ်သက်သာစေရန်-

- ဆေးရုံသည် လက်ရှိအဖိုးအခအားလုံးကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ဝန်ဆောင်မှုများနှင့် လုပ်ငန်းစဉ်များအတွက် အဖိုးအခများသည် သင့်တင့်မျှတကြောင်း သေချာအောင် စစ်ဆေးပါမည်။
- မိမိတို့၏ငွေစာရင်းလက်ကျန်ကို အရစ်ကျတစ်ကြိမ်တည်းဖြင့် ပေးချေရန် အခက်အခဲရှိနိုင်ကြောင်း ရိုးတိုးရိုးတိတ်ပြောသည့် လူနာများအတွက် ငွေပေးချေမှု အစီအစဉ်များကို ကိစ္စရပ်တစ်ခုချင်းစီအလိုက် ဆေးရုံဘက်က ခွင့်ပြုနိုင်သည်။
- လူနာတစ်ဦးက ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်မပြည့်မီပါက ဆေးရုံသည် သီးခြားငွေကြေးအခက်အခဲဖြစ်ရပ်များကို အသိအမှတ်ပြုပြီး ဆေးရုံထံမှ ငွေကြေးဆိုင်ရာ အကြံဉာဏ်ရရှိပြီးနောက် ထိုသို့သော ဈေးလျှော့ပေးမှုအတွက် ဆေးရုံ၏ သတ်မှတ်စံနှုန်းအရ ကိုက်ညီမှုရှိသည်ဟု ဆုံးဖြတ်ခံရသည့် လူနာများအား ဈေးလျှော့ပေးနိုင်သည်။ ထိုသို့သော ဈေးလျှော့မှုများသည် ငွေကြေးအကူအညီ မူဝါဒ၏ တစ်စိတ်တစ်ပိုင်းမဟုတ်၍ ငွေကြေးအကူအညီဖြင့် ဈေးလျှော့ပေးထားသော ပမာဏများနှင့် ပေါင်းစည်း၍မရပါ။

## သင့်တင့်မျှတသော ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း အလေ့အကျင့်များကို ဆောင်ရွက်ကြောင်း သေချာစေရန်

- ဆေးရုံသည် ရှင်းလင်းပြီး လိုရင်းတိုရှင်းဖြစ်ကာ တိကျသည့် လူနာအတွက်အဆင်ပြေသော ကျသင့်ငွေတောင်းခံခြင်း လုပ်ငန်းစဉ်များကို လိုက်နာပါမည်။
- ဆေးရုံသည် လူနာငွေစာရင်းလက်ကျန်များ ကောက်ခံခြင်းကို ဆက်လက်လုပ်ဆောင်ရန် ပြင်ပ အကြွေးကောက်ခံရေး ကုမ္ပဏီများနှင့် စာချုပ်ချုပ်ထားနိုင်သည်။ ဆေးရုံတက်ရောက်ကုသမှု ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း မူဝါဒနှင့် သင့်တင့်မျှတသော

Summa Health

Summa Rehab Hospital

29 North Adams Street

Akron, Ohio 44304

အကြွေးကောက်ခံခြင်း အလေ့အကျင့်များ အက်ဥပဒေနှင့်အညီလုပ်ဆောင်စေရန် ဆေးရုံအနေဖြင့် ၎င်းစာချုပ်ချုပ်ဆိုထားသည့် ပြင်ပ အကြွေးကောက်ခံရေး ကုမ္ပဏီမှန်သမျှကို တောင်းဆိုပါမည်။

- ဆေးရုံသည် လူနာငွေစာရင်းလက်ကျန်များကို သင့်တင့်မျှတစွာနှင့် တစ်သမတ်တည်း ဆက်လက်ကောက်ခံပြီး ဆေးရုံအပေါ် လူထု၏ မြင့်မားသော မျှော်လင့်ချက်များကို ရောင်ပြန်ဟပ်စေရန် ဆောင်ရွက်သွားပါမည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ-

**လူနာ-** ဆေးကုသမှုခံယူနေသူနှင့်/သို့မဟုတ် မိဘအုပ်ထိန်းမှုအောက်မှ မလွတ်မြောက်သေးသော အရွယ်မရောက်သေးသူ သို့မဟုတ် အခြားမှီခိုသူတစ်ဦး ဖြစ်ခဲ့ပါက လူနာ၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် လူနာအတွက် ငွေကြေးဆိုင်ရာ တာဝန်ရှိသည့် အခြားပုဂ္ဂိုလ် (အာမခံပေးသူ)။

**အကျုံးဝင်သော ဝန်ဆောင်မှုများ-** ဆေးရုံက ပံ့ပိုးပေးသည့် ဆေးဘက်ဆိုင်ရာအရ လိုအပ်သော စောင့်ရှောက်မှု။ အကျုံးဝင်သော ဝန်ဆောင်မှုများတွင် ဆေးဘက်ဆိုင်ရာအရ မလိုအပ်သော ဝန်ဆောင်မှုများ သို့မဟုတ် "သီးသန့်" ကျသင့်ငွေတောင်းခံသည့် သမားတော်များ သို့မဟုတ် အခြားကျန်းမာရေးစောင့်ရှောက်မှုပေးသူများမှ ပံ့ပိုးပေးသည့် စောင့်ရှောက်မှု မပါဝင်ပါ။

**ငွေကြေးအကူအညီ-** ငွေကြေးအကူအညီ မူဝါဒပါ စည်းမျဉ်းများအရ အကျုံးဝင်သော ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီသောသူ၏ ငွေကြေးတာဝန်ကို လျှော့ချခြင်း။

**ငွေကြေးအကူအညီ မူဝါဒ-** သတ်မှတ်ချက်ပြည့်မီမှုစံနှုန်း၊ အဖိုးအခများ တွက်ချက်ခြင်းအတွက် အခြေခံနှင့် ငွေကြေးအကူအညီ လျှောက်ထားခြင်းအတွက် လုပ်ထုံးလုပ်နည်းများ အပါအဝင် သတ်မှတ်ချက်ပြည့်မီသော လူနာများအတွက် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသည့် အရေးပေါ် သို့မဟုတ် အခြားဆေးဘက်ဆိုင်ရာအရ လိုအပ်သော စောင့်ရှောက်မှုကို ပံ့ပိုးပေးခြင်းအတွက် ဆေးရုံ၏ လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသော မူဝါဒ။

**ကျိုးကြောင်းသင့်သော ငွေကောက်ခံရေး ကြိုးပမ်းမှုများ-** ကျိုးကြောင်းသင့်သော ငွေကောက်ခံရေး ကြိုးပမ်းမှုများတွင် ငွေတောင်းခံလွှာရှင်းတမ်းများ၊ ဖုန်းခေါ်ဆိုမှုများ၊ စာများ၊ အီလက်ထရောနစ်မေးလ်၊ စာသားမက်ဆေ့ချ်များ ပါဝင်နိုင်သော်လည်း ၎င်းတို့ဖြင့်သာ ကန့်သတ်မထားပါ။

Summa Health

Summa Rehab Hospital

29 North Adams Street

Akron, Ohio 44304

**<u>မူဝါဒ-</u>**

**အထွေထွေ-**

- ဆေးရုံသည် ယေဘုယျအားဖြင့် လူနာများနှင့် ပြင်ပ ငွေပေးချေသူများအား အာမခံကနဦးနုတ်ယူငွေများ၊ စရိတ်မျှခံရာခိုင်နှုန်းနှင့် စရိတ်မျှခံငွေများအပါအဝင် ၎င်းတို့ဖြင့်သာကန့်သတ်မထားသော ငွေကြေးဆိုင်ရာ တာဝန်ဝတ္တရားများကို အပြည့်အဝဖြည့်ဆည်းရန် မျှော်လင့်ထားသည်။
- ဤမူဝါဒ၏ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆေးရုံသည် မပေးချေရသေးသော ငွေစာရင်းလက်ကျန်များအတွက် လူနာ သို့မဟုတ် ပြင်ပငွေပေးချေသူများထံမှ ငွေပေးချေမှု ရရှိရန် လိုအပ်သည့် ဥပဒေရေးရာ အရေးယူဆောင်ရွက်မှု လုပ်ဆောင်ခွင့်ရှိသည်။
- ဆေးရုံသည် တောင်းဆိုပါက တစ်ခုချင်းဖော်ပြထားသည့် ငွေတောင်းခံလွှာရှင်းတမ်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးပါမည်။
- ဆေးရုံသည် လူနာတစ်ဦးစီ၏ ငွေစာရင်းနှင့်ပတ်သက်ပြီး ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း ကြိုးပမ်းမှုများကို မှတ်တမ်းတင်ရန် မှတ်တမ်းများ ထိန်းသိမ်းထားပါမည်။ ထိုသို့သောမှတ်တမ်းများသည် ဆေးရုံ၏ သက်ဆိုင်သော ကိုယ်ရေးလုံခြုံမှုနှင့် စာရွက်စာတမ်း ထိန်းသိမ်းထားခြင်း မူဝါဒများနှင့်အညီဖြစ်သည်။
- လူနာ၏ တာဝန်များတွင် ပါဝင်သည်မှာ-
    a) ပြီးပြည့်စုံပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော အာမခံ၊ လူမှုအချက်အလက်နှင့် ငွေကြေး အချက်အလက်များကို ဆေးရုံအား ပံ့ပိုးပေးခြင်း
    b) အလုပ်သမား လျော်ကြေး၊ မော်တော်ယာဉ် သို့မဟုတ် အခြားပေးရန်တာဝန် အာမခံ သို့မဟုတ် တရားစွဲဆိုခြင်းမှ ပြန်လည်ရရှိမှုများကဲ့သို့ ဖြစ်နိုင်ခြေရှိသော ပြင်ပ ငွေပေးချေမှုရင်းမြစ်များကို ဆေးရုံအား အကြောင်းကြားခြင်း။
    c) စရိတ်သက်သာသော အာမခံဝန်ဆောင်မှုကို ၎င်းတို့အတွက် ရရှိနိုင်ပါက ကျန်းမာရေးအာမခံဝန်ဆောင်မှုကို ရယူပြီး ထိန်းသိမ်းထားခြင်းနှင့် သက်ဆိုင်သော စရိတ်မျှခံငွေများ၊ အာမခံကနဦးနုတ်ယူငွေများနှင့် စရိတ်မျှခံရာခိုင်နှုန်းမှန်သမျှကို ပေးချေခြင်း။
    d) ကွန်ရက် ကန့်သတ်ချက်များ၊ လွှဲပြောင်းခြင်းနှင့် ကြိုတင်ခွင့်ပြုချက်ရယူခြင်း လိုအပ်ချက်များနှင့် တောင်းဆိုမှုဖောင်များကို အချိန်မီပေးပို့ခြင်းအပါအဝင် ၎င်းတို့ဖြင့်သာ ကန့်သတ်မထားသော ၎င်းတို့၏ ကျန်းမာရေးအာမခံဝန်ဆောင်မှုများ၏ လိုအပ်ချက်များနှင့် ကန့်သတ်ချက်များကို နားလည်ခြင်းနှင့် လိုက်နာခြင်း။
    e) ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအတွက် ဆေးရုံကို ငွေပြန်ထုတ်ပေးရန် လိုအပ်သည့်အတိုင်း လူနာ၏ ဆေးရုံအာမခံနှင့်/သို့မဟုတ် ဆေးရုံက ပြုလုပ်သည့် အချက်အလက် တောင်းဆိုမှုများကို အချိန်မီတုံ့ပြန်ခြင်း။

Summa Health
Summa Rehab Hospital
29 North Adams Street
Akron, Ohio 44304

f) ငွေပေးချေမှု အစီအစဉ် စည်းမျဉ်းများကို သဘောတူလိုက်နာခြင်း။

g) ငွေကြေးအကူအညီတောင်းခံသော လူနာများဆိုလျှင် ပြီးပြည့်စုံသော ငွေကြေးအကူအညီ လျှောက်လွှာကို အချိန်မီ ပေးပို့ခြင်းနှင့် Medicaid သို့မဟုတ် အခြားအစိုးရအစီအစဉ်များကဲ့သို့ အခြားအာမခံဝန်ဆောင်မှုအတွက် လျှောက်ထားမှုများတွင် တောင်းဆိုသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ခြင်း။

**လူနာငွေစာရင်းလက်ကျန်များအတွက် ကျသင့်ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း-**

- ဆေးရုံသည် ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများအတွက် လူနာ အာမခံဝန်ဆောင်မှုကို အတည်ပြုရန် ကျိုးကြောင်းသင့်စွာ ကြိုးပမ်းပါမည်။
- ယေဘုယျအားဖြင့် ပြင်ပအဖွဲ့အစည်း ငွေပေးချေသူတစ်ဦးက ပေးချေခြင်းမဟုတ်သည့် ငွေစာရင်းလက်ကျန်မှန်သမျှကို လူနာများအနေဖြင့် အချိန်မီပေးဆောင်မည်ဟု မျှော်လင့်သည်။ အရေးပေါ်မဟုတ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ရယူသည့် လူနာများအား ပြင်ပအဖွဲ့အစည်း ငွေပေးချေသူများက ကုန်ကျခံမပေးမည့် ဝန်ဆောင်မှုများအတွက် စရိတ်မျှခံရာခိုင်နှုန်းများ၊ အာမခံကနဦးနုတ်ယူငွေများနှင့် စရိတ်မျှခံငွေ ပမာဏများအပါအဝင် ကြိုတင်ငွေပေးချေရန် တောင်းဆိုနိုင်သည်။
- ဆေးရုံသည် သက်ဆိုင်သောဥပဒေ၏ သတ်မှတ်ချက်များနှင့် သက်ဆိုင်သော ပြင်ပအဖွဲ့အစည်း ငွေပေးချေသူ စာချုပ်များပါ စည်းမျဉ်းများနှင့်အညီ ပြင်ပအဖွဲ့အစည်း ငွေပေးချေသူများကို ကျသင့်ငွေတောင်းခံပါမည်။
- ပေးရန်ရှိသော လူနာလက်ကျန်ငွေကို ဆုံးဖြတ်ပြီးသည်နှင့် ဆေးရုံသည် လက်ကျန်ငွေကို ကောက်ခံရန် အားထုတ်သည့်အနေဖြင့် ကျိုးကြောင်းသင့်သော ငွေကောက်ခံရေး ကြိုးပမ်းမှုများကို စတင်ဆောင်ရွက်ပါမည်။ ယေဘုယျအားဖြင့် လက်ကျန်ငွေအပြည့်အဝ ပေးချေပြီးသည့်အချိန်အထိ သို့မဟုတ် အကုန်အစင်ကြိုးပမ်းပြီးသည့်အချိန်အထိ ငွေကောက်ခံရေး ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်ပါမည်။
- လူနာအား ငွေတောင်းခံသည့်ရှင်းတမ်းအားလုံးတွင် ငွေကြေးအကူအညီ မူဝါဒနှင့် ငွေကြေးအကူအညီ လျှောက်လွှာ၏ မိတ္တူများကို ရယူနည်း အချက်အလက်များအပါအဝင် ငွေကြေးအကူအညီ မူဝါဒနှင့်စပ်လျဉ်းသော အသိပေးချက်တစ်ခု ပါဝင်ပါမည်။
- ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်ပြည့်မီကြောင်း တွေ့ရှိရသည့် လူနာများအား ၎င်းပေးဆောင်ရမည်ဟု ဆုံးဖြတ်ထားသော ပမာဏထက် ပိုလျှံနေသော လူနာပေးချေငွေကို ပြန်အမ်းပေးပါမည်။